# ဓမ္မခန္ဓာ (၉၈) ရှင်းလင်းသော သက်သေ (အလ်–ဘိုင်းယီနားတိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၀)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>ဝိမုတ္တိ မဖြစ် | **لَمْ يَكُنِ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ مُنفَكِّينَ حَتَّى تَأْتِيَهُمُ الْبَيِّنَةُ۞**<br>ကျမ်းစာ ဝိုင်းသားများမှ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် သူတို့ထံသို့ ရှင်းလင်းချက်များ ပေးရောက်လာသည်ထိ **လွတ်မြောက်ခြင်း မရှိခဲ့**ချေ။ |
| ၂။ | **رَسُولٌ مِّنَ اللَّهِ يَتْلُو صُحُفًا مُّطَهَّرَةً۞**<br>ပရမတ်ဘုရားရှင်ထံမှ ဉာဏ်စဉ်တော်ဆောင်သည် သန့်စင်သော ပရပိုက်များကို ဖတ်ပြပြီ။ |
| ၃။ | **فِيهَا كُتُبٌ قَيِّمَةٌ۞**<br>ထိုဌ် တည်တံ့ခိုင်မြဲသော ကျမ်းစာများ ရှိ၏။ [၁၈၇] |
| ၄။ | **وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَابَ إِلَّا مِن بَعْدِ مَا جَاءَتْهُمُ الْبَيِّنَةُ۞**<br>ကျမ်း ပေးခံရသော သူများအတွင်း သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်လာပြီးမှသာ ဂိုဏ်းခွဲကြကုန်၏။ |
| ၅။ | **وَمَا أُمِرُوا إِلَّا لِيَعْبُدُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ حُنَفَاء وَيُقِيمُوا الصَّلَاةَ وَيُؤْتُوا الزَّكَاةَ وَذَلِكَ دِينُ الْقَيِّمَةِ۞**<br>သူတို့အား– ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ သာသနာရေး၌ သရဏဂုံတည်ရာတွင် အရှင့်ကိုသာ သန့်သန့်ဖြစ်စေရန်၊ မေတ္တာဓိဌာန် မြဲကြရန်၊ အခွန်ငွေဖြူ ပေးကြရန်၊ ဤသာသနာသည်သာ တည်တံ့ခိုင်မြဲကြောင်း ညွှန်ကြား၏။ |

---

**(၁၈၇)** ကုရ်အာန်ကျမ်းစာ၌ ပါသော ဓမ္မခန္ဓာခေါ် **စူရာဟ်** တစ်ခုချင်းစီသည် ကျမ်းတစ်စောင်စီ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ထို (ကုရ်အာန်) ထဲ၌ ကျမ်းစားများ ရှိသည်ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။ ကုရ်အာန် ကျမ်းတော်နှင့် ကျမ်းတော်အား ဆောင်ကြဉ်းလာသော ကိုယ်တော်မုဟမ္မဒ်သည် ရှင်းလင်းထင်ရှားသော သက်သေ ဖြစ်သည်ဟု ဤ သုတ်တော်များက ဆိုပေသည်။ ကျမ်းတော် မရောက်မီ အထိ ရှေးကျမ်းရများနှင့် ကျမ်းစာ မရှိသေးသော တိုင်းရင်းသားများသည် ဘဝ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းညွှန်ဟူ၍ တိတိကျကျ သေသေချာချာ မရှိခဲ့ကြောင်းကို သုတ်တော် (၁) တွင် ပြောဆိုထားပေသည်။

| | |
|---|---|
| ၆။<br>★၂း၂၆<br>☆၂း၃၉ | إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا أُولَٰئِكَ هُمْ شَرُّ الْبَرِيَّةِ۞<br>ကေန်ပင် ကျမ်းစာ ဝိုင်းသားများမှာ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် အပူမီး★ ငရဲဘုံ ထိုအတွင်း၌ ကာလမဲ့☆ စံစားရလတ္တံ့။ ထိုသူတို့သည် အဆိုးဝါးဆုံး ပစ်ပယ်ခံများ ဖြစ်၏။ |
| ၇။ | إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُولَٰئِكَ هُمْ خَيْرُ الْبَرِيَّةِ۞<br>ကေန်ပင် ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသောသူ၊ ထိုသူတို့သည် အကောင်းဆုံးသော ကင်းသန့်သူများ ဖြစ်၏။ |
| ၈။ | جَزَاؤُهُمْ عِندَ رَبِّهِمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ذَٰلِكَ لِمَنْ خَشِيَ رَبَّهُ۞<br>သူတို့အတွက် အစားပေးမှုမှာ ကံကြမ္မာရှင်၏ ထံပါး၌ ရှိ၍၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော တည်မြဲသည့် ဥယျာဉ်များပင် ဖြစ်၏။ ထို၌ ထာဝရ ကာလမဲ့ စံစားရလတ္တံ့။ ပရမတ်ဘုရားရှင်သည် သူတို့အား ကျေနပ်နှစ်သက်တော်မူ၏။ သူတို့ကလည်း ၎င်းနှင့် စပ်လျဉ်း၍[၁၁၈၉] ကျေနပ်နှစ်သက်မှု ရှိ၏။ ယင်းသည် ကံကြမ္မာရှင်အား ကြောက်ရွံ့ ရိုကျိုးတတ်သူ အဘို့ ဖြစ်၏။ |

**(၁၁၈၉)** ၎င်းနှင့် စပ်လျဉ်း၍ ဆိုသည်မှာ ပရမတ်ဘုရားရှင်က သူ့အား ကျေနပ်နှစ်သက်ခြင်းနှင့် စပ်လျဉ်း၍– ဟု ဆိုလိုပေသည်။ ကာလမဲ့ ဟူသော စကားလုံးကို ၂း၃၉ တွင် ကြည့်ပါ။